**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ရုံးအမှတ် (၅၃)၊ နေပြည်တော်**

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု( ၁၂၀၅ /၂၀၁၉)

ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၁၈ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ **နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုဒေသတွင် မြေဧရိယာ(၁၅.၅)ဧက ကျယ်ဝန်းသော (SEMU-8) ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ကို အတည်ပြုပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၈၄၇/ရွှေဖက်စပ် (နဂါးနှစ်ကောင်-EMP) / ၂၀၁၈
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၂-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/သတ္တု (၁၇၁၃/ ၂၀၁၈)
(၃) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၂၅-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၂၂/ရွှေဖက်စပ်(နဂါးနှစ်ကောင်)/၁၉
(၄) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၃-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၄၉၁/ရွှေဖက်စပ်(နဂါးနှစ်ကောင်)/၂၀၁၉
(၅) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၂-၃-၂၀၁၉ ရက်စွဲပါစာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ)(၁၂၁၀/၂၀၁၉)

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊တာကြန့်ကျေးရွာအုပ်စုဒေသရှိ မြေဧရိယာ(၁၅.၅) ဧက ကျယ်ဝန်းသော (SEMU-8)ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်း(၁)ပါစာဖြင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး၊ ရည်ညွှန်း(၂)ပါစာဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက် ပြန်ကြားခဲ့ခြင်းအပေါ် ပြင်ဆင်ဖြည့်စွက်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၃)နှင့်(၄)ပါစာများဖြင့် တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၃)ပါစာဖြင့် နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)အပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၅)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ မြေဧရိယာ(၁၅.၅)ဧက ကျယ်ဝန်းသော (SEMU-8) ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ ပူးတွဲပါ အတည်ပြုကြောင်းစာကို နဂါးနှစ်ကောင်ကုမ္ပဏီလီမိတက်သို့ ဆက်လက်ပေးပို့နိုင်ပါရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များအား လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၁၄.၈.၂၀၁၉

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်
ရုံးလက်ခံ၊ မျှောစာတွဲ